# မြို့ပိုင် မောင်ပြုံးချို (ပေါင်းချုပ်)

## မန်းတင်

မန်းတင်သည် လူထုကို ခနဲ့ထားသည် မှန်၏။ ထို့ကြောင့် လူထုကလည်း မန်းတင်ကို ခဲနှင့်ပေါက်ချင်မည်မှာလည်း ဒိဋ္ဌပင်ဖြစ်၏။ သို့သော် သူခနဲ့ထားသော စကားလုံးတိုင်း၌ လူထုအတွက် စေတနာကောင်းများ ကိန်းဝပ်နေသည်ကိုလည်း လူထုက မိမိ၏ မျက်ချေးတို့ကို ဖွတ်ကြည့်လျှင် မြင်နိုင်ပေသည်။

သို့သော် 'မန်းတင်' ၏ ထေ့လုံးများမှာ ပိသာလေးနှင့် ဘောပစ်သကဲ့သို့ မဟုတ်ပါ။ ယဉ်ယဉ်ကလေးနှင့် ထိလှပါသည်။

**မောင်ထင်**

သူသည် လူထုကို ကြည့်ရှုကြုံတွေ့ရာ၌ ဘယ်နေရာက မြင်သလဲ။ လူထုကို အပေါ်လှမ်းလှမ်းမှ ဆီး၍ ကြည့်သလား။ လူထုဝယ် ရောနှောဆက်ဆံကာ ရင်းနှီးစွာ ကြည့်သလား။ လူထုကို တွေ့မြင်ပြီးနောက် လူထုကို လေးစားသလား။ မထီမဲ့မြင်ပြုသလား။ သို့မဟုတ် လူထုကို သရော်သလား။

**ဒဂုန်တာရာ**

"အကယ်၍ မန်းတင်ကသာ မောင်ပြုံးချိုဟူသော ဇာတ်ကောင်တစ်ကောင်ကို တည်ဆောက်၍ ကာလတစ်ခုအတွင်းမှ ဝန်ထမ်းတစ်ယောက်၏ အမြင်များ၊ အတွေးများ၊ တင်ပြခြင်းနှင့် ပြန်လည်တင်ပြခြင်းများကို အရေးအသားအားဖြင့် မပြုခဲ့လျှင် မည်သူက ပြုပါမည်လဲ..."

**မြင့်သန်း**

"ကျွန်တော်သည် 'မောင်ပြုံးချို' ကို ၁၉၃၇ ခုနှစ် ရန်ကုန်တက္ကသိုလ်သို့ ရောက်စအချိန်က စတင်ဖန်တီးခဲ့ပါသည်။

မောင်ပြုံးချိုကို ရေးခြယ်တင်ပြရာတွင် သဘာဝ ပန်းချီကားအဖြစ် တင်ပြခြင်းရှိသလို တစ်ခါတစ်ရံ ကာတွန်းရုပ်ပြောင်များကို ရေးဆွဲတင်ပြခြင်းများလည်း ရှိပါသည်။ ရုပ်ပြောင်ကို ရေးဆွဲရာတွင် လွန်ကဲမှုများ ရှိတတ်ပါသည်။ အရပ်ရှည်သူသည် ရုပ်ပြောင်တွင် ပို၍ ရှည်သည်။ ဝသူလည်း ပို၍ဝပြီး ပိန်သူလည်း လွန်လွန်ကဲကဲ ပိန်နေမည်ဖြစ်သည်။ ထို့အတူ မောင်ပြုံးချိုအား မဏ္ဍိုင်ပြုထားသည့် စာပန်းချီကားတွင်လည်း လွန်ကဲမှုများကို မကြာခဏ တွေ့ကြရပေလိမ့်မည်။ ထိုအခါ ပြုံးသူများ ရှိသလို မဲ့သူများလည်း ရှိကြမည်ဖြစ်ပါသည်။

မောင်ပြုံးချို၏ ပတ်ဝန်းကျင်သည် အပြုံးအရယ်တွေနှင့်သာ ပြီးနေသလော။ သည်လိုလည်း မဟုတ်သေးပါ။ လူ့လောကဓမ္မတာ ကြုံရမြဲဖြစ်သော ထိတ်လန့်ခြင်း၊ တုန်လှုပ်ခြင်း၊ လွမ်းဆွေးခြင်း၊ အားငယ်ခြင်း၊ အားတက်ခြင်း၊ ချစ်ခြင်း၊ မုန်းခြင်း၊ လျစ်လျူရှုခြင်း၊ ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်း အစရှိသည့် ဖြစ်ရပ်များကို အခါအားလျော်စွာ တွေ့ရကြုံရပေမည်။

စစ်အတွင်းတွင် ထုတ်ဝေသော စာရေးဆရာမဂ္ဂဇင်းတွင် မောင်ပြုံးချိုကို ဇာတ်ဆောင်ပြု၍ ဆောင်းပါး၊ ဝတ္ထုနှစ်ပုဒ် ရေးသားခဲ့ပါသည်။ အုပ်ချုပ်ရေးတွင် အသေးငယ်ဆုံးသော မြို့အုပ်ဆိုသူသည် လူထုနှင့် အများဆုံး ထိတွေ့ရသူဖြစ်သည်။ ရာထူးငယ်သလောက် သူ၏ တာဝန်များကား များလှဘိသည်။ ထိုထိုသော တာဝန်များကို ဆောင်ရွက်ရင်း မြန်မာပြည်တွင် လူဦးရေ အများဆုံးဖြစ်သော တောင်သူလယ်သမားများနှင့် ရင်းနှီးစွာ ဆက်ဆံရသည်။ သည်တော့မှပင် တို့တိုင်းပြည်ဟာ ဒါပါကလား' ဟု သိလာသည်။ ကျေးရွာလူထု၏ ဘဝ အခြေအနေအရပ်ရပ်ကိုလည်း လေ့လာခွင့်ရသည်။ သူတို့၏ ရိုးသားမှု၊ မသိနားမလည်မှုများကိုလည်း တွေ့မြင်သည်။

**မန်းတင်**

nw0067

10000.00 Ks